DICA™
Directorate of Investment and Company Administration

ဂျာမနီ နှင့် ပူးပေါင်းဆောင်ရွက်မှု
DEUTSCHE ZUSAMMENARBEIT

Supported by
giz Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH

# ကုမ္ပဏီမှတ်ပုံတင်ခြင်း ဆိုင်ရာ လမ်းညွှန်စာအုပ်

အလားအလာများအားလုံး အကောင်အထည်ဖော်ရမည်။

ဤလမ်းညွှန်စာအုပ်အား ဇွန်လ ၂၀၁၆ တွင် အသစ်စုစည်း တင်ပြထားခြင်း ဖြစ်ပါသည်။
ထပ်မံ ဖြည့်စွက်မှုများအတွက် www.dica.gov.mm တွင် လေ့လာကြည့်ရှုနိုင်ပါသည်။

- ရန်ကုန် -
ဇွန်လ ၂၀၁၆

## မာတိကာ


အတိုကောက်များ.......... ၂

အမှာစာ.......... ၂

၁။ မြန်မာနိုင်ငံ၌ ကုမ္ပဏီမှတ်ပုံတင်ခြင်း.......... ၃

- ၁. ဥပဒေအကြောင်းအရာ အခြေခံမူများ.......... ၃
- ၂. ကုမ္ပဏီအမျိုးအစားများ.......... ၃

၂။ မြန်မာနိုင်ငံ၌ ကုမ္ပဏီမှတ်ပုံတင်ခြင်း လုပ်ထုံးလုပ်နည်းဆိုင်ရာ လမ်းညွှန်များ.......... ၄

- ၁. အများနှင့်မသက်ဆိုင်သော မြန်မာကုမ္ပဏီ (ပုဂ္ဂလိကပိုင်ကုမ္ပဏီ)များ မှတ်ပုံတင်ခြင်း.......... ၄
- ၂. အများနှင့်သက်ဆိုင်သောမြန်မာကုမ္ပဏီများ မှတ်ပုံတင်ခြင်း.......... ၆
- ၃. နိုင်ငံခြားကုမ္ပဏီများ မှတ်ပုံတင်ခြင်း.......... ၈
- ၄. နိုင်ငံခြား ကုမ္ပဏီရုံးခွဲများ သို့မဟုတ် ကိုယ်စားလှယ်ရုံးခွဲများ မှတ်ပုံတင်ခြင်း.......... ၁၀
- ၅. အကျိုးတူဖက်စပ်ကုမ္ပဏီများ မှတ်ပုံတင်ခြင်း.......... ၁၂
- ၆. အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်း.......... ၁၄

၃။ မှတ်ပုံတင်ခြင်းတရားဝင်ဖြစ်စေရန် ဥပဒေသတ်မှတ်ချက်များအား လိုက်နာခြင်း.......... ၁၆

၄။ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်ပြန်လည်သက်တမ်းတိုးရန် တင်ပြရမည့် လိုအပ်သော စာရွက်စာတမ်းများ.......... ၁၇

- ၁. မြန်မာကုမ္ပဏီများအတွက် လိုအပ်သော စာရွက်စာတမ်းများ.......... ၁၇
- ၂. နိုင်ငံခြားကုမ္ပဏီများအတွက် လိုအပ်သော စာရွက်စာတမ်းများ.......... ၁၇
- ၃. နိုင်ငံခြား ကုမ္ပဏီရုံးခွဲများနှင့် ကိုယ်စားလှယ်ရုံးခွဲများအတွက် လိုအပ်သောစာရွက်စာတမ်းများ.......... ၁၈

၅။ အမေးများသော မေးခွန်းများ.......... ၁၉

၆။ ဆက်သွယ်ရန် လိပ်စာများ.......... ၂၂

ပုံနှိပ်ခြင်း.......... ၂၃

## အတိုကောက်အသုံးအနှုန်းများ

| | |
|---|---|
| ADB | အာရှဖွံ့ဖြိုးရေးဘဏ် |
| AEC | အရှေ့တောင်အာရှ စီးပွားရေးရပ်ဝန်း |
| AOA | သင်းဖွဲ့စည်းမျဉ်းများ |
| BOD | ဒါရိုက်တာများ ဘုတ်အဖွဲ့ |
| CRO | ကုမ္ပဏီမှတ်ပုံတင်ရေးဌာန |
| DICA | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန |
| GDP | စုစုပေါင်းအသားတင် ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး |
| GIZ | Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH |
| MIC | မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် |
| MOA | သင်းဖွဲ့မှတ်တမ်း |
| NRC | နိုင်ငံသားစိစစ်ရေးကဒ်ပြား |
| OSS | တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးခြင်း |
| OSSC | ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ရုံး |
| SECM | ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် |

## အမှာစာ

မြန်မာနိုင်ငံတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို လွန်ခဲ့သောနှစ်အနည်းငယ်မှစပြီး ကျယ်ကျယ်ပြန့်ပြန့် စတင်ပြုလုပ်ဆောင်ရွက်လာခဲ့ပါသည်။ တိုင်းပြည်စီးပွားရေးအား တဖြည်းဖြည်း ဖြေလျှော့ပေးခဲ့ပြီးနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်သွယ်မှုများအတွက် စီးပွားရေးတံခါးအားပိုမိုမြောက်များစွာ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပါသည်။ စီးပွားရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများကို အရှိန်ဟုန်မြှင့်တင်ရန်အတွက် ပြည်တွင်းစွန့်ဦးတီထွင် လုပ်ငန်းရှင်များကိုလည်း မြှင့်တင်ပေးလျှက်ရှိပါသည်။ အကျိုးဆက်ရလဒ်အနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးသည် ၂၀၁၄ ခုနှစ်တွင် ၈.၇ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ရေကြီးခြင်း၊ မြေပြိုခြင်းစသော သဘာဝဘေးအန္တရာယ်များကြောင့် ပျမ်းမျှ ၇.၂ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သော်လည်း ADB (အာရှဖွံ့ဖြိုးရေးဘဏ်)၏ ၂၀၁၆ ခြုံငုံသုံးသပ်မှုအရ ၂၀၁၆ ခုနှစ်တွင် စိုက်ပျိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာမှုများကြောင့် ၈.၄ ရာခိုင်နှုန်းသို့ ပြန်လည်မြင့်တက်လာနိုင်မည်ဟု ခန့်မှန်းထားပါသည်။ တိုးတက်လာသော စီးပွားရေးလုပ်ငန်းများ၊ ပြည်ပတင်ပို့လုပ်ငန်းများ၊ သဘာဝဓာတ်ငွေ့အား ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ခြင်း၊ အောင်မြင်ကြီးထွားလာသော ခရီးသွားလုပ်ငန်းနှင့် ချေးငွေပမာဏများ တိုးမြှင့်ပေးမှုတို့ကြောင့် အရှိန်အဟုန်မြင့်မားလာသော ရင်းနှီးမြှုပ်နှံမှုများသည် စီးပွားရေး တိုးတက်လာမှုကို ဖြစ်ထွန်းစေလျှက်ရှိပါသည်။ ယင်းဖွံ့ဖြိုးတိုးတက်လာမှုများအား အစိုးရမှ မျှော်မှန်းချက်ရှိရှိ အခြေခံကျသော ပြုပြင်ပြောင်းလဲရေးအစီအစဉ်များ ပံ့ပိုးပေးခြင်းဖြင့် ပိုမိုဝေဆာလာစေပါသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ စီးပွားရေးရပ်ဝန်း (AEC) အဖွဲ့ဝင် တစ်နိုင်ငံအဖြစ် ၂၀၁၅ ခုနှစ် နောက်ပိုင်းတွင် လုပ်ငန်းလည်ပတ်မှုများကိုစတင်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် အခွင့်သာပြီး ဗျူဟာကျသော ပထဝီဝင်အနေထားကြောင့် ၎င်းသည် အရှေ့တောင်အာရှနိုင်ငံများ၊ တရုတ် နှင့် အိန္ဒိယတို့ပါဝင်သော ဒေသကြီးတွင် အဓိကကုန်သွယ်ရေး အချက်အချာနိုင်ငံဖြစ်လာနိုင်ပြီး ထုတ်ကုန်အခြေစိုက်နိုင်ငံဖြစ်လာမည့် အလားလာများစွာ ရှိနေပါသည်။ ထို့ပြင် နောင်လာမည့်နှစ်များတွင် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတစ်ခွင်၌ GDP တိုးတက်မှုနှုန်းအများဆုံးရရှိရန်လည်း ရည်ရွယ်ထားပါသည်။

မြန်မာနိုင်ငံအစိုးရသည် ယင်းရည်မှန်းချက်အား အကောင်ထည်ပေါ်နိုင်စေရန်နှင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရသည်မှာ ပိုမိုလွယ်ကူလာစေရန် အစွမ်းကုန်ကြိုးပမ်းလျှက်ရှိပါသည်။ ကုမ္ပဏီအားမှတ်ပုံတင်ခြင်းသည် ဤနိုင်ငံတွင် မည်သည့်ရင်းနှီးမြှုပ်နှံမှုမျိုးမဆိုမပြုလုပ်နိုင်ခင် ဆောင်ရွက်ရမည့် ပထမဆုံးခြေလှမ်းဖြစ်ပါသည်။ ဤလမ်းညွှန်စာအုပ်အား ပြည်တွင်းနှင့် နိုင်ငံခြားကုမ္ပဏီများအတွက် မှတ်ပုံတင်ရေးကိစ္စရပ်သည် ပွင့်လင်းမြင်သာမှုရှိသော၊ နားလည်လွယ်သော၊ ကုန်ကျစရိတ်အလိုက်ထိရောက်မှုရှိသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်လာစေရန် ရည်သန်၍ ပြင်ဆင်ထားခြင်းဖြစ်ပါသည်။ ဤလမ်းညွှန်စာအုပ်အား ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) နှင့် the Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) တို့မှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုချက်များရယူရေးတွင် ပါဝင်ပတ်သက်နေသော နောက်ထပ်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍လည်း လမ်းညွှန်ချက်များကို ပြင်ဆင်လျှက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပိုမို ခိုင်မာလာပြီး လွယ်ကူစေရန်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာစေရန်အလို့ငှာ ကုမ္ပဏီမှတ်ပုံတင်နှင့် ရင်းနှီးမြှုပ်နှံမှုခွင့်ပြုချက် ထုတ်ပေးရေး ဖြစ်စဉ်အား ထပ်မံပြုပြင်ပြောင်းလဲရေးအတွက် နောက်ထပ်အစီစဉ်သစ်များကို မကြာမီ စတင်ဆောင်ရွက်တော့မည်ဖြစ်ပါသည်။

## ၁။ မြန်မာနိုင်ငံ၌ ကုမ္ပဏီမှတ်ပုံတင်ခြင်း

### ၁။ ဥပဒေ အခြေခံမူ

၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့် ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီများအက်ဥပဒေတို့သည် မြန်မာနိုင်ငံတွင်ကုမ္ပဏီမှတ်ပုံတင်ရေးအား စီမံကွပ်ကဲသော အခြေခံကျသည့် ဥပဒေ(၂)ရပ်ဖြစ်သည်။ ယင်းဥပဒေ(၂)ရပ်သည် မြန်မာနိုင်ငံတွင် ကုမ္ပဏီများ မည်ကဲ့သို့ ဖွဲ့စည်းပြီး စီမံခန့်ခွဲသည်ကို ဖော်ပြပေးပါသည်။ ၎င်းတို့တွင် အဓိကအကြောင်းအရာများဖြစ်သည့် ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ ကုမ္ပဏီစီမံခန့်ခွဲခြင်း၊ ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံခြင်းနှင့် ကုမ္ပဏီများအတွင်း စာရင်းစစ်ရေးဆိုင်ရာ သတ်မှတ်ချက်များ စသည်တို့နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များပါဝင်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်တစ်ဦးသည် မြန်မာနိုင်ငံတွင်စီးပွားရေးလုပ်ငန်းတစ်ရပ်ကို စတင်ဆောင်ရွက်မှုမပြုခင် သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုမပြုခင် ယင်းပုဂ္ဂိုလ်သည် မြန်မာနိုင်ငံသားဖြစ်လျှင်သော်လည်းကောင်း၊ နိုင်ငံခြားသားဖြစ်လျှင်သော်လည်းကောင်း မှတ်ပုံတင်ခြင်းသည် ၎င်းပြုလုပ်ရမည့် ပထမဆုံးအဆင့် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)သည် ၁၉၉၃ ခုနှစ်တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန၏ လက်အောက်တွင် တည်ထောင်ခဲ့သော ဌာနဖြစ်သည်။ DICA သည် ကုမ္ပဏီများအား မှတ်ပုံတင်ပေးခြင်း၊ မှတ်ပုံတင်ထားသော ကုမ္ပဏီများ၏ လုပ်ငန်းလည်ပတ်မှုများအကြောင်းနှင့် စပ်လျဉ်းပြီး လေ့လာစစ်ဆေး မှုနှင့် အစီရင်ခံခြင်းတို့ကိုပြု လုပ်ရန်အတွက်လည်း တာဝန် ရှိပါသည်။

### ၂။ ကုမ္ပဏီအမျိုးအစားများ

၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့် ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီများအက်ဥပဒေများအရ ကုမ္ပဏီတစ်ခုသည် အောက်ပါပုံစံများမှတစ်ခု အနေဖြင့် မှတ်ပုံတင်ရမည်-

- အများနှင့်မသက်ဆိုင်သော မြန်မာကုမ္ပဏီ (ပုဂ္ဂလိကပိုင်ကုမ္ပဏီ)အနေဖြင့် မှတ်ပုံတင်ခြင်း (၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ)
- အများနှင့်သက်ဆိုင်သော မြန်မာကုမ္ပဏီ အနေဖြင့်မှတ်ပုံတင်ခြင်း (၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ)
- နိုင်ငံခြားကုမ္ပဏီအနေဖြင့် မှတ်ပုံတင်ခြင်း (၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ)
- နိုင်ငံခြားကုမ္ပဏီတစ်ခု၏ ကုမ္ပဏီခွဲ သို့မဟုတ် ကိုယ်စားလှယ်ရုံးခွဲအနေဖြင့် မှတ်ပုံတင်ခြင်း (၁၉၁၄ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ)
- မြန်မာနိုင်ငံအစိုးရနှင့် အကျိုးတူပူးပေါင်းသောကုမ္ပဏီတစ်ခုအနေဖြင့် မှတ်ပုံတင်ခြင်း (၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီများအက်ဥပဒေအရ)
- အသင်းအဖွဲ့အနေဖြင့် မှတ်ပုံတင်ခြင်း (၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ)

စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများမှ ၎င်းတို့၏ လိုအပ်ချက်များနှင့် ၎င်းတို့စီးပွားရေးလုပ်ငန်းလိုအပ်ချက်များအတွက် အသင့်တော်ဆုံး ဖြစ်သောပုံစံဖြင့် ၎င်းတို့ကုမ္ပဏီအားမှတ်ပုံတင်ရန် အကြံပြုပါသည်။ နိုင်ငံခြားလုပ်ငန်းရှင်များသည်လည်း ၎င်းတို့၏ကုမ္ပဏီအား နိုင်ငံခြားကုမ္ပဏီ သို့မဟုတ် နိုင်ငံခြားကုမ္ပဏီရုံးခွဲအဖြစ် မှတ်ပုံတင်နိုင်ပါသည်။ စီးပွားရေးလုပ်ငန်းအမျိုးအစားအချို့အတွက် နိုင်ငံခြားသား လုပ်ငန်းရှင်များမှာ မြန်မာနိုင်ငံသားမှပိုင်ဆိုင်ထား သော စီးပွားရေးလုပ်ငန်းတစ်ရပ် သို့မဟုတ် မြန်မာပြည်တွင် အခြေစိုက်ထားသော အဖွဲ့အစည်းတစ်ရပ်နှင့် အကျိုးတူဖက်စပ်လုပ်ငန်းတစ်ရပ် ဖွဲ့စည်းရန် လိုအပ်ပါသည်။

အောက်ပါလမ်းညွှန်များတွင် အသေးစိတ်ရှင်းလင်းပြီး နားလည်ရလွယ်ကူသော အဆင့်အလိုက်ညွှန်ကြားချက်များဖြင့် မြန်မာနိုင်ငံတွင် ကုမ္ပဏီအမျိုးအစား အလိုက် မည်သို့မှတ်ပုံတင်ရမည်ဆိုသည့် အချက်များအား အထူးဖော်ပြပေးထားပါသည်။ လမ်းညွှန်တွင် မှတ်ပုံတင်ရန်လိုအပ်သောအဆင့်များ၊ အဆင့်တစ်ဆင့်ချင်းအလိုက် တင်ပြရမည့်စာရွက်စာတမ်းများနှင့် အဆင့်တစ်ဆင့်ချင်းအလိုက် လိုအပ်သော အခကြေးငွေများအကြောင်း ဖော်ပြပေးထား ပါသည်။

---

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများမှ ပြည်တွင်းမိတ်ဖက်စီးပွားရေးလုပ်ငန်းရှင် သို့မဟုတ် ပြည်တွင်းကုမ္ပဏီ သို့မဟုတ် မြန်မာနိုင်ငံသားများနှင့် ပူးပေါင်းသော အကျိုးတူဖက်စပ် စီးပွားရေးလုပ်ငန်းပုံစံဖြင့်သာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်သော စီးပွားရေးလုပ်ငန်းများစာရင်းအား ၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အရ ၂၀၁၆ ခုနှစ် မတ်လ ၂၁ရက် နေ့တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ အမှတ် ၂၆/၂၀၁၆ ဖြင့် သတ်မှတ်ထားပါသည်။

## ၂။ မြန်မာနိုင်ငံတွင် ကုမ္ပဏီများအား မှတ်ပုံတင်ရန် လုပ်ထုံးလုပ်နည်းဆိုင်ရာ လမ်းညွှန်များ

### ၁။ အများနှင့်မသက်ဆိုင်သော မြန်မာကုမ္ပဏီ (ပုဂ္ဂလိကပိုင်ကုမ္ပဏီ) များမှတ်ပုံတင်ခြင်း

**အဆင့် ၁**

DICA တွင် ကုမ္ပဏီအမည် စစ်ဆေးပါ။

၁ အချက်အလက်များ ဖြည့်သွင်းပြီး လက်မှတ်ထိုးထားသော အမည်စစ် ပုံစံအား DICA သို့ တင်ပြပါ။

- ၁။ အမည် စစ်ပုံစံ ( DICA မှ ယူပါ (သို့မဟုတ်) DICA ဝက်ဘ်ဆိုက်မှ ရယူပါ)
- + ၁,၀၀၀ ကျပ်

၂ ကုမ္ပဏီဒါရိုက်တာနှင့်ပတ်သက်သော စာရွက်စာတမ်းများကို (ဒါရိုက်တာတစ်ယောက်ချင်းစီအတွက်) DICA သို့ တင်ပြပါ။

- ၁။ နိုင်ငံသားစိစစ်ရေးကဒ်ပြား မိတ္တူ

**အဆင့် ၂**

DICA တွင် ကုမ္ပဏီမှတ်ပုံတင်ရန် ပုံစံများ ထုတ်ယူပြီး တံဆိပ်ခေါင်းခွန် ထမ်းဆောင်ပါ။

၃ ကုမ္ပဏီမှတ်ပုံတင်ရန် ပုံစံများ DICA မှ ထုတ်ယူပါ။

- ၁။ ကုမ္ပဏီမှတ်ပုံတင်လျှောက်လွှာ
- ၂။ ကုမ္ပဏီမှတ်ပုံတင်ကြောင်း ကြေငြာချက် (ပုံစံ-၁ )
- ၃။ ကုမ္ပဏီ၏ ရုံးခန်းတည်နေရာ အကြောင်းကြားစာ
- ၄။ ဆောင်ရွက်မည့် လုပ်ငန်းရည်ရွယ်ချက်များ
- ၅။ ဒါရိုက်တာများ အမည်စာရင်း (ပုံစံ-၂၆)
- ၆။ သင်းဖွဲ့မှတ်တမ်း
- ၇။ သင်းဖွဲ့ စည်းမျဉ်း

၄ OSS ရှိ အခွန်ရုံး (သို့မဟုတ်) ပြည်တွင်း အခွန်များဦးစီးဌာနတွင် တံဆိပ်ခေါင်းခွန် ထမ်းဆောင်ပါ။

- + ၅,၁၀၀ ကျပ်

**အဆင့် ၃**

လက်မှတ်ထိုးထားသော ကုမ္ပဏီ မှတ်ပုံတင်ရန် ပုံစံများကို DICA သို့ တင်ပြပြီး မှတ်ပုံတင်ကြေး ပေးဆောင်ပါ။

၅ ဖြည့်စွက် လက်မှတ်ထိုးပြီးသော ကုမ္ပဏီမှတ်ပုံတင် ပုံစံများကို DICA သို့ တင်သွင်းပါ။

- ၁။ ကုမ္ပဏီမှတ်ပုံတင်လျှောက်လွှာ
- ၂။ ကုမ္ပဏီမှတ်ပုံတင်ကြောင်း ကြေငြာချက် (ပုံစံ-၁ )
- ၃။ ကုမ္ပဏီ၏ ရုံးခန်းတည်နေရာ အကြောင်းကြားစာ
- ၄။ ဆောင်ရွက်မည့် လုပ်ငန်းရည်ရွယ်ချက်များ
- ၅။ ဒါရိုက်တာများ အမည်စာရင်း (ပုံစံ-၂၆)
- ၆။ သင်းဖွဲ့မှတ်တမ်း
- ၇။ သင်းဖွဲ့ စည်းမျဉ်း

၆ OSS တွင် ကုမ္ပဏီမှတ်ပုံတင်ကြေးအား ပေးဆောင်ပါ။

- ၁။ (OSS) မှ ငွေသွင်းချလံ ပုံစံ
- + ၅၀၀,၀၀၀ ကျပ်

# အဆင့် ၄

DICA တွင် ကုမ္ပဏီ
မှတ်ပုံတင်လက်မှတ်အား ရယူပါ။

၇

ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အား DICA မှ ရယူပါ။
ရုံးခန်းဖွင့်လှစ် ဆောင်ရွက်နေသည်မှာမှန်ကန်ကြောင်း သက်ဆိုင်ရာမှ
ထောက်ခံချက် ပြန်လည်တင်ပြပေးပါ။
(မှတ်ပုံတင်သည့် တစ်လအတွင်း)

၁။ DICA မှ ထုတ်ပေးသော ကုမ္ပဏီမှတ်ပုံတင် လက်မှတ်

၂။ ရုံးခန်းဖွင့်လှစ် ဆောင်ရွက်နေသည်မှာ မှန်ကန်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက် တင်ပြပေးရန် DICA မှ အကြောင်းကြားစာ

၃။ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ထောက်ခံချက်

## ၂။ အများနှင့်သက်ဆိုင်သောမြန်မာကုမ္ပဏီများ မှတ်ပုံတင်ခြင်း

### အဆင့် ၁

DICA တွင် ကုမ္ပဏီအမည် စစ်ဆေးပါ။

၁ အချက်အလက်များ ဖြည့်သွင်းပြီး လက်မှတ်ထိုးထားသော အမည်စစ်ပုံစံအား DICA သို့ တင်ပြပါ။

၁။ အမည်ပုံစံ (DICA မှယူပါ (သို့မဟုတ်) DICA ဝက်ဘ်ဆိုက်မှ ရယူပါ)

+ ၁,၀၀၀ ကျပ်

၂ ကုမ္ပဏီဒါရိုက်တာနှင့်ပတ်သက်သော စာရွက်စာတမ်းများကို (ဒါရိုက်တာတစ်ယောက်ချင်းစီအတွက်) DICA သို့ တင်ပြပါ။

၁။ နိုင်ငံသားစိစစ်ရေးကဒ်ပြား မိတ္တူ

### အဆင့် ၂

DICA မှ သို့မဟုတ် DICA ဝက်ဘ်ဆိုက်မှ ကုမ္ပဏီ မှတ်ပုံတင်ရန် ဖောင်ပုံစံများအားရယူပြီး တံဆိပ်ခေါင်းခွန် ပေးဆောင်ရန်

၃ ကုမ္ပဏီမှတ်ပုံတင် ပုံစံများအား DICA မှ သို့မဟုတ် DICA ဝက်ဘ်ဆိုက်မှ ရယူပါ။

၄ OSS ရှိ အခွန်ရုံး (သို့မဟုတ်) ပြည်တွင်းအခွန်များဦးစီးဌာနတွင် တံဆိပ်ခေါင်းခွန် ပေးဆောင်ပါ။

၁။ ကုမ္ပဏီမှတ်ပုံတင်လျှောက်လွှာ
၂။ ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ကြောင်း ကြေငြာချက် (ပုံစံ-၁ )
၃။ ကုမ္ပဏီ၏ ရုံးခန်းတည်နေရာ အကြောင်းကြားစာ
၄။ ဆောင်ရွက်မည့် လုပ်ငန်းရည်ရွယ်ချက်များ
၅။ ဒါရိုက်တာများ အမည်စာရင်း (ပုံစံ-၂၆)
၆။ ဒါရိုက်တာများအား ဆက်သွယ်ရန် လိပ်စာ၊ ဖုန်းနံပါတ်၊ အီးမေးလ်
၇။သင်းဖွဲ့မှတ်တမ်း
၈။ သင်းဖွဲ့ စည်းမျဉ်း

+ ၅,၁၀၀ ကျပ်

### အဆင့် ၃

လက်မှတ်ထိုးထားသော ကုမ္ပဏီ မှတ်ပုံတင်ရန် ပုံစံများကို DICA တွင် တင်ပြပြီး မှတ်ပုံတင်ကြေး ပေးဆောင်ပါ။

၅ DICA သို့ ဖြည့်စွက် လက်မှတ်ထိုးပြီးသော ကုမ္ပဏီမှတ်ပုံတင်ပုံစံများကို တင်သွင်းပါ။

၁။ ကုမ္ပဏီမှတ်ပုံတင်လျှောက်လွှာ
၂။ ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ကြောင်း ကြေငြာချက် (ပုံစံ-၁ )
၃။ ကုမ္ပဏီ၏ ရုံးခန်းတည်နေရာ အကြောင်းကြားစာ
၄။ ဆောင်ရွက်မည့် လုပ်ငန်းရည်ရွယ်ချက်များ
၅။ ဒါရိုက်တာများ အမည်စာရင်း (ပုံစံ-၂၆)
၆။ ဒါရိုက်တာများအား ဆက်သွယ်ရန် လိပ်စာ၊ ဖုန်းနံပါတ်၊ အီးမေးလ်
၇။သင်းဖွဲ့မှတ်တမ်း
၈။ သင်းဖွဲ့ စည်းမျဉ်း

၆ OSS တွင် ကုမ္ပဏီမှတ်ပုံတင်ကြေးအား ပေးဆောင်ပါ။

၁။ (OSS) မှ ငွေသွင်းချလံ ပုံစံ

+ ၂,၅၀၀,၀၀၀ ကျပ်

## အဆင့် ၄

DICA တွင် ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အားရယူပါ။

၇ DICA မှ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အား ရယူပါ။

၁။ DICA မှ ထုတ်ပေးသော ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

## အဆင့် ၅

လုပ်ငန်းစတင်ဆောင်ရွက်ခွင့် လက်မှတ် လျှောက်ထားရန် ပြင်ဆင်ပါ။

၈ ရုံးခန်းဖွင့်လှစ် ဆောင်ရွက်နေသည်မှာမှန်ကန်ကြောင်းသက်ဆိုင်ရာမှ ထောက်ခံချက် ပြန်လည်တင်ပြပေးပါ။ (မှတ်ပုံတင်သည့် တစ်လအတွင်း)

၉ အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖွဲ့စည်းသည့်အကြောင်း သတင်းစာတွင် ကြေညာပါ။

၁၀ ကုမ္ပဏီအလားအလာညွှန်းတမ်း (SECM မှ အတည်ပြုပြီးသော) (သို့) အလားအလာညွှန်းတမ်း (အစား) ရှင်းတမ်းအား တင်ပြပါ။

၁၁ ဘဏ်ငွေစာရင်းဖွင့်ပါ။

၁၂ ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်မှတ်တမ်းဖြင့် ပုံစံ ၆/၂၆ တင်ပြရန် ပြင်ဆင်ပါ။

၁။ ရုံးခန်းဖွင့်လှစ် ဆောင်ရွက်နေသည်မှာ မှန်ကန်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက် တင်ပြရန် DICA မှ အကြောင်းကြားစာ
၂။ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ထောက်ခံချက် တင်ပြရန်။

အနည်းဆုံး ထည့်သွင်းငွေ + ၅၀,၀၀၀,၀၀၀ကျပ်

၁။ ပုံစံ-၆ နှင့် ၂၆
၂။ ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်မှတ်တမ်း

## အဆင့် ၆

လုပ်ငန်းစတင်ဆောင်ရွက်ခွင့် လက်မှတ်ရရှိရန်စာရွက်စာတမ်းများ တင်ပြပါ။

၁၃ ဖြည့်စွက်လက်မှတ်ရေးထိုးပြီးသော လုပ်ငန်းစတင်မှုဆိုင်ရာ စာရွက်စာတမ်းများကို DICA သို့ တင်ပြပါ။

၁။ တင်ပြစာ
၂။ ပုံစံ-၁ လျှောက်လွှာ
၃။ အရည်အချင်းပြည့် အစုရှယ်ယာဝယ်ယူပြီးဖြစ်ကြောင်း တရားရုံးတွင် ကတိသစ္စာပြုလွှာ
၄။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအတိုင်း ဆောင်ရွက်ရန် ဒါရိုက်တာများမှ သဘောတူကြောင်း ပုံစံ ၂ ဖြင့် တင်ပြရန်
၅။ အရည်အချင်းပြည့် အစုရှယ်ယာဝယ်ယူပြီးကြောင်း ဒါရိုက်တာများ၏ သဘောတူညီချက် ပုံစံ-၂၅ ဖြင့် တင်ပြရန်
၆။ အလားအလာ ညွှန်းတမ်း (သို့) အလားအလာညွှန်းတမ်း (အစား) ရှင်းတမ်း
၇။ သတင်းစာ ကြော်ငြာ
၈။ ဘဏ်တွင်အနည်းဆုံး ကျပ်သန်း ၅၀ ထည့်ဝင်ထားသည့် ဘဏ်ငွေစာရင်း
၉။ ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်းဖြင့် ကနဦးထည့်ဝင်ငွေ ဖြည့်စွက်ထားသော ပုံစံ ၆ နှင့် ဒါရိုက်တာများစာရင်း ပုံစံ ၂၆

## အဆင့် ၇

လုပ်ငန်းစတင်ဆောင်ရွက်ခွင့် လက်မှတ်ထုတ်ပေးခြင်း

၁၄ လုပ်ငန်းစတင်ဆောင်ရွက်ခွင့် လက်မှတ်အား DICA မှ ရယူပါ။

၁။ DICA မှ ထုတ်ပေးသော လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ်

# ၃။ နိုင်ငံခြားကုမ္ပဏီများ မှတ်ပုံတင်ခြင်း

## အဆင့် ၁

DICA တွင် ကုမ္ပဏီအမည် စစ်ဆေးပါ။

၁ အချက်အလက်များဖြည့်သွင်းပြီး လက်မှတ်ထိုးထားသော အမည်စစ်ပုံစံအား DICA သို့ တင်ပြပါ။

၁။ အမည် စစ်ပုံစံ ( DICA မှ ရယူပါ (သို့မဟုတ်) DICA ဝက်ဘ်ဆိုက်မှ ရယူပါ)

+ ၁,၀၀၀ ကျပ်

## အဆင့် ၂

ကုမ္ပဏီဖွဲ့စည်း မှတ်ပုံတင်ရန် ပုံစံများအား DICA (သို့မဟုတ်) DICA ဝက်ဘ်ဆိုက်မှ ရယူပါ။

၂ DICA မှ (သို့မဟုတ်) DICA ဝက်ဘ်ဆိုက်မှ ကုမ္ပဏီမှတ်ပုံတင်ပုံစံများအား ရယူပါ။

၃ OSS ရှိ အခွန်ရုံး (သို့မဟုတ်) ပြည်တွင်းအခွန်များဦးစီးဌာနတွင် တံဆိပ်ခေါင်းခွန် ပေးဆောင်ပါ။

၁။ ကုမ္ပဏီမှတ်ပုံတင်လျှောက်လွှာ
၂။ ကုမ္ပဏီ ဖွဲ့စည်းမှတ်ပုံတင်ကြောင်းကြေငြာချက် (ပုံစံ-၁)
၃။ ကုမ္ပဏီ၏ ရုံးခန်းတည်နေရာ အကြောင်းကြားစာ
၄။ တရားဝင်ဘာသာပြန်ဆိုမှုဖြစ်ကြောင်းကြေငြာချက်
၅။ ဘာသာပြန်ဆိုမှု မှန်ကန်ကြောင်းထောက်ခံချက်
၆။ ဒါရိုက်တာများ၏ အချက်အလက်အကျဉ်းချုပ် (ပုံစံ-၂၆)
၇။ သင်းဖွဲ့မှတ်တမ်း
၈။ သင်းဖွဲ့စည်းမျဉ်း
၉။ လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့် လျှောက်လွှာ (ပုံစံ-က)
၁၀။ ကုမ္ပဏီ မှဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်း ရည်ရွယ်ချက်များနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဆောင်ရွက်မည် မဟုတ်ကြောင်း ကတိ ဝန်ခံချက်

လျှောက်ထားသူမှ တင်ပြရမည့် အခြားစာရွက်စာတမ်းများမှာ -
- အစုရှယ်ယာရှင်တစ်ဦးစီ၏ နိုင်ငံကူးလက်မှတ် မိတ္တူ (အစုရှယ်ယာရှင်သည် လူပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်ပါက) သို့မဟုတ် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်း မူရင်း(အစုရှယ်ယာရှင်သည် ကုမ္ပဏီဖြစ်ပါက)
- ဒါရိုက်တာသည်နိုင်ငံခြားသားဖြစ်ပါက နိုင်ငံကူးလက်မှတ် မိတ္တူ နှင့် နိုင်ငံသားဖြစ်ပါက နိုင်ငံသားစိစစ်ရေးကဒ်ပြားမိတ္တူ

+ ၅,၀၀၀ ကျပ်

## အဆင့် ၃

နိုင်ငံခြားကုမ္ပဏီ မှတ်ပုံတင်ပုံစံများအား DICA သို့ တင်ပြပါ။

၄ အချက်အလက်များဖြည့်သွင်းပြီး လက်မှတ်ထိုးထားသော နိုင်ငံခြားကုမ္ပဏီ မှတ်ပုံတင်ပုံစံများအား DICA သို့ တင်ပြပါ။

၁။ ကုမ္ပဏီမှတ်ပုံတင်ခြင်းလျှောက်လွှာ
၂။ ကုမ္ပဏီ ဖွဲ့စည်းမှတ်ပုံတင်ကြောင်းကြေငြာချက် (ပုံစံ-၁)
၃။ ကုမ္ပဏီ၏ တရားဝင်ရုံးခန်းတည်နေရာ
၄။ တရားဝင်ဘာသာပြန်ဆိုမှုဖြစ်ကြောင်းကြေငြာချက်
၅။ ဘာသာပြန်ဆိုမှု မှန်ကန်ကြောင်းထောက်ခံချက်
၆။ ကုမ္ပဏီ မှဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်း ရည်ရွယ်ချက်များနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဆောင်ရွက်မည် မဟုတ်ကြောင်း ကတိ ဝန်ခံချက်
၇။ ဒါရိုက်တာများ၏ အချက်အလက်အကျဉ်းချုပ် (ပုံစံ-၂၆)
၈။ သင်းဖွဲ့မှတ်တမ်း
၉။ သင်းဖွဲ့စည်းမျဉ်း
၁၀။ လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့် လျှောက်လွှာ (ပုံစံ-က)
၁၁။ အစုရှယ်ယာရှင်တစ်ဦးစီ၏ နိုင်ငံကူးလက်မှတ် မိတ္တူ နှင့် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်း
၁၂။ ဒါရိုက်တာသည်နိုင်ငံခြားသားဖြစ်ပါက နိုင်ငံကူးလက်မှတ် မိတ္တူ နှင့် နိုင်ငံသားဖြစ်ပါက နိုင်ငံသားစိစစ်ရေးကဒ် မိတ္တူ

## အဆင့် ၄

မှတ်ပုံတင်ကြေးအား ပေးဆောင်ပါ။

၅ OSS တွင် မှတ်ပုံတင်ကြေးအား ပေးဆောင်ပါ။

၁။ OSS မှထုတ်ပေးသော ငွေသွင်းပြေစာ

+ ၅၀၀,၀၀၀ ကျပ်

## အဆင့် ၅

ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (ယာယီ ) နှင့် ခွင့်ပြုမိန့် (ယာယီ) (ဆန္ဒပြုထားပါက) ရယူပါ။

၆ DICA မှ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် (ယာယီ) နှင့် ခွင့်ပြုမိန့် (ယာယီ) ရယူပါ။ (ဆန္ဒပြုထားပါက)

၁။ DICA မှ ဖွဲ့စည်းတည်ထောင်ပြီးနောက် လိုက်နာရန် အချက်များ အကြောင်းကြားစာ
၂။ DICA မှ ထုတ်ပေးသော ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (ယာယီ)
၃။ DICA မှထုတ်ပေးသော ခွင့်ပြုမိန့်(ယာယီ)

## အဆင့် ၆

အနည်းဆုံးကနဦး မတည်ရင်းနှီးငွေ လွှဲပို့ရန်နှင့် အခြားလိုအပ်သော စာရွက်စာတမ်းများ တင်ပြပါ။

၇ ရုံးခန်းဖွင့်လှစ် ဆောင်ရွက်နေသည်မှာမှန်ကန်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက် ပြန်လည်တင်ပြပေးပါ။ (မှတ်ပုံတင်သည့် တစ်လအတွင်း)

၈ အနည်းဆုံးလိုအပ်သည့် မတည်ရင်းနှီးငွေလွှဲပို့ပြီးကြောင်း ဘဏ်မှ ထုတ်ပေးသည့် အထောက်အထားနှင့် လက်မှတ်ထိုးထားသော စည်းမျဉ်းသတ်မှတ်ချက်စာတမ်းတို့ကို DICA သို့တင်ပြပါ။

၁။ အနည်းဆုံးယူဆောင်လာရမည့် မတည်ရင်းနှီးငွေလွှဲပို့ပြီးကြောင်း အတည်ပြုပေးသော ဘဏ်မှအထောက်အထား
၂။ ဖတ်ရှုပြီး လက်မှတ်ရေးထိုးပြီးသော ဖွဲ့စည်းမှတ်ပုံတင်ခြင်းနှင့် ပတ်သက်သော လိုက်နာရန် အချက်များ

ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီများအတွက် အနည်းဆုံး ယူဆောင်လာရမည့် မတည်ငွေရင်းမှာ အမေရိကန်ဒေါ်လာ ၅၀,၀၀၀

အခြားလုပ်ငန်းများလုပ်ကိုင်မည့် နိုင်ငံခြားကုမ္ပဏီများအတွက် အနည်းဆုံး ယူဆောင်လာရမည့် မတည်ငွေရင်းမှာ အမေရိကန်ဒေါ်လာ ၁၅၀,၀၀၀ ဖြစ်သည်။

## အဆင့် ၇

ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(မူရင်း)နှင့် ခွင့်ပြုမိန့် (မူရင်း) ရယူပါ။

၉ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(မူရင်း) နှင့်ခွင့်ပြုမိန့် (မူရင်း) အား DICA မှ ရယူပါ။

၁။ DICA မှ ထုတ်ပေးသော ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(မူရင်း)
၂။ DICA မှ ထုတ်ပေးသော ခွင့်ပြုမိန့် (မူရင်း)

* ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံသားများ အက်ဥပဒေမှ နည်းဥပဒေ အပိုဒ်ခွဲ ၂၇အေ.(၁) အရ နိုင်ငံတကာကုန်သွယ်ရေးလုပ်ငန်းအား ပြုလုပ်ဆောင်ရွက်နေသော နိုင်ငံခြားကုမ္ပဏီတိုင်း သို့မဟုတ် ကုမ္ပဏီတိုင်းသည် မှတ်ပုံတင်ရေးဌာနသို့ ၄င်းတို့၏ သဘောတူညီချက်စာချုပ်မူကြမ်းနှင့် ကုမ္ပဏီစည်းမျဉ်းများကိုမတင်သွင်းမီ နိုင်ငံတော်သမ္မတထံမှ ကုန်သွယ်ခွင့်အား ရယူရမည်ဖြစ်သည်။

# ၄။ နိုင်ငံခြား ကုမ္ပဏီများ၏ ကုမ္ပဏီရုံးခွဲများ သို့မဟုတ် ကိုယ်စားလှယ်ရုံးခွဲများအား မှတ်ပုံတင်ခြင်း

## အဆင့် ၁

**DICA သို့တင်ပြရန် လျှောက်လွှာစာရွက်စာတမ်းများကို ပြင်ဆင်ပါ။**

၁ DICA မှ သို့မဟုတ် DICA ဝက်ဘ်ဆိုက်မှ ကုမ္ပဏီမှတ်ပုံတင် ပုံစံများကို ရယူပါ။

၁။ ကုမ္ပဏီမှတ်ပုံတင်လျှောက်လွှာ
၂။ ကုမ္ပဏီ ဖွဲ့စည်းမှတ်ပုံတင်ကြောင်းကြေငြာချက် (ပုံစံ-၁)
၃။ ကုမ္ပဏီ၏ ရုံးခန်းတည်နေရာအကြောင်းကြားစာ
၄။ တရားဝင်ဘာသာပြန်ဆိုမှုဖြစ်ကြောင်းကြေငြာချက်
၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ဌာနေကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်သူ၏ အချက်အလက်အကျဉ်းချုပ် (ပုံစံ-၁၈)
၆။ လုပ်ငန်းဆောင်ရွက်ခွင့် ခွင့်ပြုမိန့် လျှောက်လွှာ (ပုံစံ - က)
၇။ ကုမ္ပဏီ မှဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်း ရည်ရွယ်ချက်များနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဆောင်ရွက်မည် မဟုတ်ကြောင်း ကတိဝန်ခံချက်

မိခင်ကုမ္ပဏီ၏ ဒါရိုက်တာများစာရင်း
- ဌာနေကိုယ်စားလှယ် ၏ နိုင်ငံကူးလက်မှတ် မိတ္တူ သို့မဟုတ် နိုင်ငံသားမှတ်ပုံတင် မိတ္တူ

- * မိခင်ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ (အင်္ဂလိပ်ဘာသာဖြင့်)
- * မိခင်ကုမ္ပဏီ၏ အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ် (၂)နှစ် အတွက် နှစ်ပတ်လည် အစီရင်ခံစာ နှင့် နှစ်ချုပ်ရှင်းတမ်း
- * ဌာနေကိုယ်စားလှယ်၏ ခန့်အပ်လွှာ/လုပ်ပိုင်ခွင့်လွှဲအပ်စာ

လျှောက်လွှာတင်ထားသော ကုမ္ပဏီမှ တင်ပြရမည့် အခြားစာရွက်စာတမ်းများမှာ -
- မိခင်ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက် (မူရင်း)

(* ပြထားသော စာရွက်စာတမ်းများအား နိုတြီပြုလုပ်ပြီး နိုင်ငံခြားသား၏ နိုင်ငံရှိ မြန်မာသံရုံးတို့မှ အတည်ပြုချက်ရယူပါရန်)

## အဆင့် ၂

**DICA တွင် နိုင်ငံခြား ကုမ္ပဏီ ရုံးခွဲ ဖွဲ့စည်းမှတ်ပုံတင် ပုံစံများအား တင်ပြပါ။**

၂ DICA သို့ အချက်အလက်များဖြည့်သွင်းပြီး လက်မှတ်ထိုးထားသော နိုင်ငံခြားကုမ္ပဏီ ရုံးခွဲဖွဲ့စည်း မှတ်ပုံတင်ပုံစံများအားတင်သွင်းပါ။

၁။ ကုမ္ပဏီမှတ်ပုံတင်လျှောက်လွှာ
၂။ ကုမ္ပဏီ ဖွဲ့စည်းမှတ်ပုံတင်ကြောင်းကြေငြာချက် (ပုံစံ-၁)
၃။ ကုမ္ပဏီ၏ ရုံးခန်းတည်နေရာအကြောင်းကြားစာ
၄။ တရားဝင်ဘာသာပြန်ဆိုမှုဖြစ်ကြောင်းကြေငြာချက်
၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ဌာနေကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်သူ၏ အချက်အလက်အကျဉ်းချုပ် (ပုံစံ-၁၈)
၆။ ကုမ္ပဏီ မှဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်း ရည်ရွယ်ချက်များနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဆောင်ရွက်မည် မဟုတ်ကြောင်း ကတိဝန်ခံချက်
၇။ လုပ်ငန်းဆောင်ရွက်ခွင့် ခွင့်ပြုမိန့် လျှောက်လွှာ (ပုံစံ - က)
၈။ မိခင်ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက် (မူရင်း)
၉။ မိခင်ကုမ္ပဏီ၏ ဒါရိုက်တာများစာရင်း
၁၀။ ဌာနေကိုယ်စားလှယ် ၏ နိုင်ငံကူးလက်မှတ် မိတ္တူ သို့မဟုတ် နိုင်ငံသားမှတ်ပုံတင် မိတ္တူ
၁၁။ မိခင်ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ (အင်္ဂလိပ်ဘာသာဖြင့်)
၁၂။ မိခင်ကုမ္ပဏီ၏ အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ် (၂)နှစ် အတွက် နှစ်ပတ်လည် အစီရင်ခံစာ နှင့် နှစ်ချုပ်ရှင်းတမ်း
၁၃။ ဌာနေကိုယ်စားလှယ်၏ ခန့်အပ်လွှာ/လုပ်ပိုင်ခွင့်လွှဲအပ်စာ

## အဆင့် ၃

**နိုင်ငံခြားကုမ္ပဏီရုံးခွဲ ဖွဲ့စည်း မှတ်ပုံတင်ကြေး နှင့် တံဆိပ်ခေါင်းခွန် ပေးဆောင်ပါ။**

၃ OSS (သို့မဟုတ်) ပြည်တွင်းအခွန်များဦးစီးဌာနတွင် တံဆိပ်ခေါင်းခွန် ပေးဆောင်ပါ။

၄ OSS တွင် မှတ်ပုံတင်ကြေးအား ပေးဆောင်ပါ။

၁။ OSS မှ ထုတ်ပေးသည့် ငွေသွင်းချလံ ပုံစံ

\+ ၅၀၀,၀၀၀ ကျပ်

## အဆင့် ၄

မှတ်ပုံတင်လက်မှတ် (ယာယီ) နှင့် ခွင့်ပြုမိန့် (ယာယီ) ရယူပါ (ဆန္ဒပြုထားပါက) ရယူပါ။

၅ DICA မှ မှတ်ပုံတင်လက်မှတ် (ယာယီ) နှင့် ခွင့်ပြုမိန့် (ယာယီ) တို့အား ရယူပါ။ (ဆန္ဒပြုထားပါက)

၁။ DICA မှ ထုတ်ပေးသော ဖွဲ့စည်းတည်ထောင်ပြီးနောက် လိုက်နာရန်အချက်များ အကြောင်းကြားစာ
၂။ DICA မှ ထုတ်ပေးသော နိုင်ငံခြားကုမ္ပဏီရုံးခွဲမှတ်ပုံတင် လက်မှတ် (ယာယီ)
၃။ DICA မှထုတ်ပေးသော နိုင်ငံခြားကုမ္ပဏီရုံးခွဲ ခွင့်ပြုမိန့် (ယာယီ)

## အဆင့် ၅

အနည်းဆုံးကနဦး မတည်ရင်းနှီးငွေ လွှဲပို့ရန်နှင့် အခြားလိုအပ်သော စာရွက်စာတမ်းများ တင်ပြပါ။

၆ ရုံးခန်းဖွင့်လှစ် ဆောင်ရွက်နေသည်မှာမှန်ကန်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက် ပြန်လည်တင်ပြပေးပါ။ (မှတ်ပုံတင်သည့် တစ်လအတွင်း)

၁။ အနည်းဆုံးယူဆောင်လာရမည့် မတည်ရင်းနှီးငွေလွှဲပို့ပြီးကြောင်း အတည်ပြုပေးသော ဘဏ်မှအထောက်အထား
၂။ ဖတ်ရှုပြီး လက်မှတ်ရေးထိုးပြီးသော ဖွဲ့စည်းမှတ်ပုံတင်ခြင်းနှင့် ပတ်သက်သော လိုက်နာရန် အချက်များ

၇ အနည်းဆုံးလိုအပ်သည့် မတည်ရင်းနှီးငွေလွှဲပို့ပြီးကြောင်း ဘဏ်မှ ထုတ်ပေးသည့် အထောက်အထားနှင့် လက်မှတ်ထိုးထားသော စည်းမျဉ်းသတ်မှတ်ချက်စာတမ်းတို့ကို DICA သို့တင်ပြပါ။

ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီများအတွက် အနည်းဆုံး ယူဆောင်လာရမည့် မတည်ငွေရင်းမှာ အမေရိကန်ဒေါ်လာ ၅၀,၀၀၀

အခြားလုပ်ငန်းများလုပ်ကိုင်မည့် နိုင်ငံခြားကုမ္ပဏီများအတွက် အနည်းဆုံး ယူဆောင်လာရမည့် မတည်ငွေရင်းမှာ အမေရိကန်ဒေါ်လာ ၁၅၀,၀၀၀ ဖြစ်သည်။

## အဆင့် ၆

မှတ်ပုံတင်လက်မှတ် (မူရင်း) နှင့် ခွင့်ပြုမိန့် (မူရင်း) ရယူပါ။

၈ မှတ်ပုံတင်လက်မှတ် (မူရင်း) နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့် (မူရင်း) တို့အား DICA ရယူပါ။

၁။ DICA မှ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ် (မူရင်း)
၂။ DICA မှ ထုတ်ပေးသော ခွင့်ပြုမိန့်(မူရင်း)

# ၅။ (၁၉၅၀ ပြည့်နှစ် အထူး ကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော) အကျိုးတူဖက်စပ်ကုမ္ပဏီများအား မှတ်ပုံတင်ခြင်း

## အဆင့် ၁

DICA တွင် ကုမ္ပဏီအမည် စစ်ဆေးပါ။

၁ DICA (သို့မဟုတ်) DICA Website သို့ အချက်အလက်များ ဖြည့်သွင်းပြီး လက်မှတ်ထိုးထားသော အမည်စစ် ပုံစံအား တင်ပြပါ။

၁။ အမည်စစ် ပုံစံ (DICA မှရယူပါ (သို့မဟုတ်) DICA ဝက်ဘ်ဆိုက်မှ ရယူပါ)

+ ၁,၀၀၀ ကျပ်

## အဆင့် ၂

ကုမ္ပဏီ မှတ်ပုံတင်ရန် ပုံစံများ အားရယူပါ။

၂ DICA မှ သို့မဟုတ် DICA ဝက်ဘ်ဆိုက်မှ JV ကုမ္ပဏီ မှတ်ပုံတင်ပုံစံများအား ရယူပါ။

၁။ ကုမ္ပဏီမှတ်ပုံတင်လျှောက်လွှာ
၂။ ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ကြောင်းကြေငြာချက် (ပုံစံ-၁)
၃။ ကုမ္ပဏီ၏ရုံးခန်း တည်နေရာ အကြောင်းကြားစာ
၄။ တရားဝင်ဘာသာပြန်ဆိုမှုဖြစ်ကြောင်း ကြေငြာချက်
၅။ ဘာသာပြန်ဆိုမှု မှန်ကန်ကြောင်း ထောက်ခံချက်
၆။ ဒါရိုက်တာများ၏ အချက်အလက်အကျဉ်းချုပ်ပုံစံ (ပုံစံ-၂၆)
၇။ သင်းဖွဲ့စည်းမျဉ်းပုံစံ (AOA)
၈။ သင်းဖွဲ့မှတ်တမ်းပုံစံ (MOA)

## အဆင့် ၃

ကုမ္ပဏီမှတ်ပုံတင် လျှောက်လွှာအား တင်သွင်းခြင်းနှင့် တံဆိပ်ခေါင်းခွန် ထမ်းဆောင်ပါ။

၃ ဖြည့်စွက် လက်မှတ်ထိုးပြီးသော ကုမ္ပဏီမှတ်ပုံတင် ပုံစံများကို DICA သို့ တင်ပြပါ။

၄ OSS (သို့မဟုတ်) ပြည်တွင်းအခွန်များဦးစီးဌာနတွင် တံဆိပ်ခေါင်းခွန်အား ပေးဆောင်ပါ။

လိုအပ်သော စာရွက်၊ စာတမ်းများမှာ - (၁) လျှောက်လွှာ (၂) AOA-သင်းဖွဲ့စည်းမျဉ်း ပုံစံ (ဖြည့်စွက်လက်မှတ်ထိုးပြီး)၊ (၃) MOA-သင်းဖွဲ့မှတ်တမ်းပုံစံ (ဖြည့်စွက်လက်မှတ်ထိုးပြီး)၊(၄) JV သဘောတူညီချက် မူကြမ်း၊ (၅) ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ သဘောထား ပြန်ကြားစာနှင့် (၆) ဖွဲ့စည်းတည်ထောင်ရန် တင်ပြစာ (ဆိုင်ရာ အစိုးရဌာနမှ) နှင့် -

၁။ မြန်မာနိုင်ငံသားများ - ဒါရိုက်တာများအားလုံး၏ နိုင်ငံသားမှတ်ပုံတင်မိတ္တူများ
၂။ မြန်မာနိုင်ငံအခြေစိုက် ကုမ္ပဏီများ - (၁) ကုမ္ပဏီအဖြစ် အသိမှတ်ပြုလက်မှတ်မိတ္တူ (၂) BOD (ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ၏)သဘောတူညီချက်မှတ်တမ်း ၊ (၃) ကုမ္ပဏီ၏ အဆိုပြုထားသော ကိုယ်စားလှယ်များ
၃။ နိုင်ငံခြားသားများ/နိုင်ငံခြားသားပိုင်ကုမ္ပဏီများ - (၁) ဒါရိုက်တာများ/ရှယ်ယာရှင်များ၏ နိုင်ငံကူးလက်မှတ်မိတ္တူများ၊ (၂) ကုမ္ပဏီဖြစ်လျှင် အဖွဲ့စည်း၏ BOD (ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ၏ သဘောတူညီချက်မှတ်တမ်းနှင့် လုပ်ပိုင်ခွင့်လွှဲအပ်စာ လိုအပ်ပါမည်။

## အဆင့် ၄

မှတ်ပုံတင်ကြေးအား ပေးဆောင်ပါ။

၅ OSS တွင် ကုမ္ပဏီမှတ်ပုံတင်ကြေး ပေးဆောင်ပါ။

(OSS) မှငွေသွင်းချလံပုံစံ

+ ၅၀၀,၀၀၀ ကျပ်

## အဆင့် ၅

ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်အား ရယူပါ။

၆ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်အား ရယူပါ။

DICA မှ လက်မှတ်ထိုးထားသော ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မူရင်း)

၇ ဖွဲ့စည်းတည်ထောင်ရေးနှင့် ပတ်သက်၍ ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာကို ရယူပါ။ (နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းခြင်း အပါအဝင်)

# ၆။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်း

## အဆင့် ၁

DICA တွင် အသင်းအမည်စစ်ဆေးပါ။

၁ အချက်အလက်များ ဖြည့်သွင်းပြီး လက်မှတ်ထိုးထားသော အမည်စစ် ပုံစံအား DICA သို့ တင်ပြပါ။

၁။ အမည် စစ်ပုံစံ ( DICA မှ ရယူပါ သို့မဟုတ် DICA ဝက်ဘ်ဆိုက်မှ ရယူပါ)

+ ၁,၀၀၀ ကျပ်

## အဆင့် ၂

လျှောက်လွှာစာရွက်စာတမ်းများအား ပြင်ဆင်ပါ။

၂ DICA သို့မဟုတ် DICA ဝက်ဘ်ဆိုက်မှ အသင်းအဖွဲ့မှတ်ပုံတင် လျှောက်လွှာများအား ရယူပါ။

၁။ လျှောက်လွှာ
၂။ လျှောက်လွှာ ပုံစံ
၃။ အသင်းအဖွဲ့မှတ်ပုံတင်ကြောင်း ကြေညာချက် (ပုံစံ-၁ )
၄။ တရားဝင်ဘာသာပြန်ဆိုမှုဖြစ်ကြောင်းကြေငြာချက်
၅။ ဘာသာပြန်ဆိုမှု မှန်ကန်ကြောင်းထောက်ခံချက်
၆။ အသင်း၏ တရားဝင်ရုံးခန်းတည်နေရာ
၇။ အသင်းအဖွဲ့၏ ရည်ရွယ်ချက်များ
၈။ အလုပ်အမှုဆောင်အဖွဲ့ဝင်များ စာရင်း
၉။ MOA နှင့် AOA တွင် ထည့်သွင်းရန် အကြောင်းအရာများ

## အဆင့် ၃

လက်မှတ်ထိုးထားသော လျှောက်လွှာပုံစံများအား DICA သို့ တင်ပြပါ။

၃ အသင်း မှတ်ပုံတင် ပုံစံများအား ပြည့်စုံစွာ ဖြည့်စွက်ပြီး လက်မှတ်ထိုးထားသော ပုံစံများကို DICA သို့ တင်ပြပါ။

၁။ လျှောက်လွှာ
၂။ လျှောက်လွှာ ပုံစံ
၃။ မှတ်ပုံတင်ရန် လျှောက်ထားခြင်း (ဖောင်ပုံစံ ၁ )
၄။ တရားဝင်ဘာသာပြန်ဆိုမှုဖြစ်ကြောင်းကြေငြာချက်
၅။ ဘာသာပြန်ဆိုမှု မှန်ကန်ကြောင်းထောက်ခံချက်
၆။ အသင်း၏ တရားဝင်ရုံးခန်းတည်နေရာ
၇။ အသင်းအဖွဲ့၏ ရည်ရွယ်ချက်များ
၈။ အလုပ်အမှုဆောင်အဖွဲ့ဝင်များ စာရင်း

လျှောက်ထားသူမှ တင်ပြရမည့် အခြားစာရွက်စာတမ်းများမှာ -
၉။ အသင်းအဖွဲ့၏ သဘောတူညီချက်စာချုပ်မူကြမ်း (MOA) - အသိသက်သေတစ်ဦးရှေ့မှောက်တွင် လက်မှတ်ထိုးထားရမည်
၁၀။ အသင်းအဖွဲ့ဆိုင်ရာ စည်းမျဉ်းများ (AOA)-အသိသက်သေတစ်ဦး၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားရမည်
၁၁။ အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးစီ၏ကိုယ်ရေးအကျဉ်း နှင့်အတူ နိုင်ငံသားစိစစ်ရေးကဒ်ပြား မိတ္တူ

## အဆင့် ၄

သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့စည်းများသို့ သဘောထားတောင်းခံခြင်း

၄ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများသို့ သဘောထားကို တောင်းခံသည်။

၅ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သဘောထားပြန်ကြားချက်ရရှိသည်။

## အဆင့် ၅

**ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးသို့ တင်ပြခြင်း**

၆ — စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန၏ ဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးသို့ တင်ပြသည်။

၇ — ဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီ၏ အတည်ပြုချက်ရယူပါ။

## အဆင့် ၆

**ငွေပေးသွင်းခွင့်ပြုစာ (Payment Order) ရယူပြီး မှတ်ပုံတင်ကြေးအား ပေးဆောင်ပါ။**

၈ — DICA တွင် အသင်းအဖွဲ့ မှတ်ပုံတင်ကြေးပေးဆောင်ပါ။

အသင်းအဖွဲ့မှတ်ပုံတင်ကြေးအတွက် ငွေပေးချေမှု ပုံစံ (Payment Order) ဖြင့် ပေးချေပြီး ငွေသွင်းချလံရယူပါ။

- မြန်မာနိုင်ငံအဆင့် အသင်းအဖွဲ့များအတွက် ၅၀၀,၀၀၀ ကျပ်
- တိုင်းဒေသကြီး/ပြည်နယ်အဆင့် အသင်းအဖွဲ့များအတွက် ၃၀၀,၀၀၀ ကျပ်
- မြို့နယ်အဆင့် အသင်းအဖွဲ့များအတွက် ၁၀၀,၀၀၀ ကျပ်

## အဆင့် ၇

**အသင်းအဖွဲ့ မှတ်ပုံတင်လက်မှတ် နှင့် လိုင်စင်အား ရယူပါ။**

၉ — (၁) DICA မှ ထုတ်ပေးသော အသင်းအဖွဲ့မှတ်ပုံတင်လက်မှတ် နှင့် (၂) DICA မှ ထုတ်ပေးသော အသင်းလိုင်စင် တို့ကို ရယူပါ။

၁။ DICA မှထုတ်ပေးသော အသင်းအဖွဲ့ မှတ်ပုံတင်လက်မှတ်
၂။ DICA မှထုတ်ပေးသော အသင်းလိုင်စင်

## ၃။ မှတ်ပုံတင်ခြင်း တရားဝင်ဖြစ်စေရန် ဥပဒေသတ်မှတ်ချက်များကို လိုက်နာပါ

ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီများသည် အကျုံးဝင်သော ဥပဒေ လုပ်ထုံးလုပ်နည်းများ နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ အောက်ပါတို့မှာ ကုမ္ပဏီများလိုက်နာရမည့် ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ၏ ပြဌာန်းချက်အချို့ဖြစ်ပါသည်။

- ကုမ္ပဏီတိုင်းသည် ရှယ်ယာများခွဲဝေမှု(ပုံစံ-၆)အားခွဲဝေမှုပြုလုပ်ပြီးသည့်(၁)လ အတွင်း မှတ်ပုံတင်ရမည်ဖြစ်သည်။ မှတ်ပုံတင်ကြေးမှာ (၂၅,၀၀၀)ကျပ်ဖြစ်သည်။

- ကုမ္ပဏီများသည် ၎င်းတို့၏ ဒါရိုက်တာ(များ)၊ မန်နေဂျာ(များ)နှင့် သို့မဟုတ် စီမံခန့်ခွဲရေးကိုယ်စားလှယ်(များ)၏ အသေးစိတ်ကို မှတ်တမ်းတင်ရမည်ဖြစ်ပြီး ဒါရိုက်တာများအမည်စာရင်း (ပုံစံ-၂၆)တွင် ပြောင်းလဲမှုများရှိခဲ့ပါက ခန့်ထားသည့်နေ့မှ ၁၄ ရက်အတွင်း (သို့မဟုတ်) ပြောင်းလဲမှု ပြုလုပ်ခဲ့သည့်နေ့မှ (၁၄) ရက် အတွင်း မှတ်ပုံတင်အရာရှိထံ တင်ပြရမည်ဖြစ်သည်။ မှတ်ပုံတင်ကြေးမှာ (၂၅,၀၀၀)ကျပ် ဖြစ်သည်။

- ကုမ္ပဏီများသည်ဆက်သွယ်နိုင်သည့်၊ အသိပေးအကြောင်းကြားစာများအား လိပ်မူပေးပို့နိုင်သည့် မှတ်ပုံတင်ထားသည့် ရုံးဌာန၏ တည်နေရာအား မှတ်ပုံတင်အရာရှိထံ တင်ပြရန် လိုအပ်ပါသည်။ မှတ်ပုံတင်စာရွက်စာတမ်းများတင်သွင်းသည့်အခါ ယခင်မှတ်ပုံတင်ထား သည့် ရုံးလိပ်စာအား DICA သို့ တင်ပြရမည်ဖြစ်သည်။ ကုမ္ပဏီများအားလုံးသည် ရုံးခန်းလိပ်စာပြောင်းလဲသွားပါက ပြောင်းလဲသွားသည်နေ့မှ (၂၈) ရက်အတွင်း DICAသို့ အကြောင်းကြားရမည် ဖြစ်သည်။ မှတ်ပုံတင်ကြေး မှာ (၂၅,၀၀၀) ကျပ်ဖြစ်သည်။

- ကုမ္ပဏီတစ်ခုသည် ဖွဲ့စည်းတည်ထောင်ပြီးသည့်နေ့မှ (၁၈)လအတွင်း ၎င်း၏ ပထမဆုံးသော နှစ်ပတ်လည်အထွေထွေ အစည်းအဝေး (AGM)အား ကျင်းပရမည်ဖြစ်ပြီး နောက်ပိုင်းတွင် ပြီးခဲ့သည့် အစည်းအဝေးပြီးနောက် လပေါင်း (၁၅)လ အတွင်းနှင့် နှစ်စဉ် (၁)ကြိမ်ခန့် အနည်းဆုံးကျင်းပပေးရမည် ဖြစ်သည်။ သတ်မှတ်ချက်နှင့်ကိုက်ညီရန် ကုမ္ပဏီများသည် နှစ်ပတ်လည်အထွေထွေအစည်းအဝေး၏ မှတ်တမ်းများ၊ အဖွဲ့ဝင်နှစ်ပတ်လည်စာရင်း နှင့် ရှယ်ယာအရင်းအနှီးအကျဉ်းချုပ်(ပုံစံ E)အား အစည်းအဝေးပြုလုပ်ပြီး (၂၁) ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်ဖြစ်သည်။ မှတ်ပုံတင်ကြေးမှာ (၂၅,၀၀၀) ကျပ်ဖြစ်သည်။

- ကုမ္ပဏီတိုင်းသည် ၎င်းတို့၏ ပုံမှန်မဟုတ်သော အထူးအစည်းအဝေးဆုံးဖြတ်ချက်များ ပြုလုပ်ပါက မှတ်တမ်းမိတ္တူကို (၁၅) ရက်အတွင်း DICA သို့တင်ပြရမည်။

- ပုံမှန်မဟုတ်သော အထူးအစည်းအဝေးအား ကျင်းပမည်ဖြစ်ကြောင်း အကြောင်းကြားစာအား ကျင်းပရန်သတ်မှတ်ထားသည့် နေ့မတိုင်မီ (၂၁) ရက်အတွင်း ပေးပို့ရမည်ဖြစ်သည်။

- နိုင်ငံခြားကုမ္ပဏီရုံးခွဲများနှင့် ၎င်းတို့ရုံးချုပ်မှ ဘဏ္ဍာရေးရှင်းလင်းချက်များ ၎င်းတို့ကိုယ်စားလှယ်ရုံးခွဲများမှ ဘဏ္ဍာရေးရှင်းလင်းချက်များနှင့် နှစ်ပတ်လည်အထွေထွေ အစီရင်ခံစာများအား ဘဏ္ဍာရေးနှစ်တိုင်း တင်ပြရန်လိုအပ်ပါသည်။ မှတ်ပုံတင်ကြေးမှာ (၇၅,၀၀၀) ကျပ်ဖြစ်ပါသည်။

## ၄။ကုမ္ပဏီမှတ်ပုံတင်လက်မှတ်ပြန်လည်သက်တမ်းတိုးရန်တင်ပြရမည့်လိုအပ်သော စာရွက်စာတမ်းများ

မြန်မာနိုင်ငံရှိ ကုမ္ပဏီအမျိုးအစားအားလုံးအတွက် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မှာ (၅)နှစ်တာသက်တမ်းသာရှိပါသည်။ ယင်းကုမ္ပဏီ များတွင် မြန်မာနိုင်ငံသားများပိုင်ဆိုင်သော ကုမ္ပဏီများ၊ နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားကုမ္ပဏီရုံးခွဲများ၊ အကျိုးတူဖက်စပ်ကုမ္ပဏီများ နှင့် အသင်း အဖွဲ့များ ပါဝင်သည်။

ကုမ္ပဏီများမှ ၎င်းတို့၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် သက်တမ်းမကုန်ဆုံးမီ DICAတွင် သက်တမ်းတိုးရန်လိုအပ်ပါသည်။ သက်တမ်းတိုးရန် လျှောက်ထား သည့်အခါ ကုမ္ပဏီများသည် အောက်ဖော်ပြပါ စာရွက်စာတမ်းများကို ထည့်သွင်းဖော်ပြပေးရပါမည်-

၁။ အများနှင့် မသက်ဆိုင်သောမြန်မာကုမ္ပဏီ(ပုဂ္ဂလိကပိုင်ကုမ္ပဏီ) များအတွက် လိုအပ်သော စာရွက်စာတမ်းများ

- မှတ်ပုံတင် သက်တမ်းတိုးလျှောက်လွှာ
- ကုမ္ပဏီမှ နောက်ဆုံးတင်ပြထားသောပုံစံ (င)
- ကုမ္ပဏီမှ နောက်ဆုံးတင်ပြထားသောပုံစံ (၂၆)
- ဘဏ္ဍာရေးအစီရင်ခံစာနှင့် ကုမ္ပဏီနှစ်ပတ်လည်အစီရင်ခံစာ
- ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပေးထားသော ဝင်ငွေခွန်ပေးဆောင်ထားသည့် မိတ္တူ
- ကုမ္ပဏီ၏ လက်ရှိရုံးခန်းလိပ်စာ

၂။ နိုင်ငံခြားကုမ္ပဏီများအတွက်လိုအပ်သော စာရွက်စာတမ်းများ

- မှတ်ပုံတင် သက်တမ်းတိုးလျှောက်လွှာ
- ဖြည့်စွက် လက်မှတ်ထိုးပြီးသား ပုံစံ (က)
- ကုမ္ပဏီ၏ လုပ်ငန်းရည်ရွယ်ချက်များ
- ဒါရိုက်တာများ/ရှယ်ယာရှင်များစာရင်း
- ဖြည့်စွက် လက်မှတ်ထိုးပြီးသား ပုံစံ င (နောက်ဆုံးတင်ပြထားပြီးသော ပုံစံ)
- လွန်ခဲ့သည့် (၂)နှစ်စာ စာရင်းစစ်ထားသော ဘဏ္ဍာရေးရှင်းလင်းချက်များ
- ယူဆောင်လာသော အရင်းငွေများနှင့်ပတ်သက်ပြီး အတည်ပြုပေးသော ဘဏ်မှအကြောင်းကြားလွှာ
- MIC ခွင့်ပြုမိန့်ရယူထားသည့် နိုင်ငံခြားကုမ္ပဏီများအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပေးသည့် ခွင့်ပြုမိန့်မိတ္တူ
- ခရီးသွားလိုင်စင် (ခရီးသွားကုမ္ပဏီများသာ)
- ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပေးထားသော ဝင်ငွေခွန်ပေးဆောင်ထားသည့် မိတ္တူ

၃။ နိုင်ငံခြားကုမ္ပဏီရုံးခွဲများနှင့် ကိုယ်စားလှယ်ရုံးခွဲများအတွက်လိုအပ်သော စာရွက်စာတမ်းများ

- မှတ်ပုံတင် သက်တမ်းတိုးလျှောက်လွှာ
- ဖြည့်စွက် လက်မှတ်ထိုးပြီးသား ပုံစံ (က)
- ကုမ္ပဏီ၏ လုပ်ငန်းရည်ရွယ်ချက်များ
- ကုမ္ပဏီရုံးခွဲ၏ စာရင်းစစ်ထားသော ဘဏ္ဍာရေးရှင်းတမ်းများ (ငွေလက်ကျန်ရှင်းတမ်း၊ ဘဏ္ဍာရေးရှင်းတမ်းများ) ပင်မကုမ္ပဏီ၏ စာရင်းစစ်ထားသော ဘဏ္ဍာရေးရှင်းတမ်းများနှင့် နှစ်ပတ်လည်အစီရင်ခံစာများ
- အနည်းဆုံးမတည်ငွေအား ယူဆောင်လာကြောင်း အတည်ပြုပေးသော ဘဏ်မှ အကြောင်းကြားလွှာ (ပထမအကြိမ်သက်တမ်းတိုး ကုမ္ပဏီများအတွက်သာ)
- မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ လိုင်စင် (ဘဏ်ကိုယ်စားလှယ်ရုံးခွဲများသာ)
- ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပေးထားသော ဝင်ငွေခွန်ပေးဆောင်ထားသည့်မိတ္တူ
- MIC မှ ခွင့်ပြုမိန့်ထုတ်ပေးသည့် နိုင်ငံခြားကုမ္ပဏီများအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပေးသည့် ခွင့်ပြုမိန့် မိတ္တူ

## ၅။ အမေးများသော မေးခွန်းများ

၁။ မြန်မာနိုင်ငံတွင် မည်သည့် ကုမ္ပဏီအမျိုးအစားများအား မှတ်ပုံတင်ရပါသနည်း။

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်မည့်အဖွဲ့အစည်းများသည် ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ မှတ်ပုံတင်ရာတွင် အများနှင့်မသက်ဆိုင်သောကုမ္ပဏီ (ပုဂ္ဂလိကပိုင်ကုမ္ပဏီ)နှင့် အများနှင့်သက်ဆိုင်သောကုမ္ပဏီတို့အနေဖြင့် မှတ်ပုံတင်နိုင်ပါသည်။
နိုင်ငံတော်၏ အစုရှယ်ယာ ပါဝင်လျှင် ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီများ အက်ဥပဒေနှင့်အညီ မှတ်ပုံတင်ရမည် ဖြစ်ပါသည်။
ကုမ္ပဏီများ အောက်ပါတို့အနက်မှ ပုံစံတစ်မျိုးဖြင့် မှတ်ပုံတင်နိုင်ပါသည်။

- အများနှင့်မသက်ဆိုင်သော မြန်မာကုမ္ပဏီ (ပုဂ္ဂလိကပိုင် ကုမ္ပဏီ)
- အများနှင့်သက်ဆိုင်သော မြန်မာကုမ္ပဏီ
- နိုင်ငံခြားကုမ္ပဏီ
- နိုင်ငံခြားကုမ္ပဏီရုံးခွဲ (သို့မဟုတ်) ကိုယ်စားလှယ် ရုံးခွဲ
- ဖက်စပ်ကုမ္ပဏီ (နိုင်ငံတော်အစိုးရ၏ အစုရှယ်ယာများ ပါဝင်လျှင်)
- အသင်းအဖွဲ့

၂။ ကုမ္ပဏီမှတ်ပုံတင်ကြေး ကိုဖော်ပြပါ။

ကုမ္ပဏီမှတ်ပုံတင်ကြေးမှာ မည်သည့် ပုဂ္ဂလိကပိုင်ကုမ္ပဏီအမျိုးအစားအတွက်မဆို (၅၀၀,၀၀၀)ကျပ် ဖြစ်ပြီး အများပိုင်ကုမ္ပဏီ အမျိုးအစားအတွက်မူ ကုမ္ပဏီမှတ်ပုံတင်ကြေးမှာ (၂,၅၀၀,၀၀၀) ကျပ် ဖြစ်ပါသည်။ ထို့ပြင် လျှောက်လွှာတင်ထားသော ကုမ္ပဏီများသည် အမည်စစ်ဆေးလွှာအတွက် (၁,၀၀၀)ကျပ် ပေးဆောင်ရမည်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်လွှာအတွက် (၅,၁၀၀)ကျပ် ပေးဆောင် ရပါမည်။ ကုမ္ပဏီအမျိုးအစားအားလုံးအတွက်ဆိုသည်မှာ မြန်မာနိုင်ငံသားကုမ္ပဏီများနှင့် နိုင်ငံခြားကုမ္ပဏီနှစ်မျိုးလုံးအတွက် မှတ်ပုံတင်ကြေးမှာ တပြေးညီ ဖြစ်ပါသည်။

လျှောက်ထားသူများသည် ပြည်တွင်းအခွန်များဦးစီးဌာနသို့ တံဆိပ်ခေါင်းခွန်အား ပေးဆောင်ရပါမည်။ ကုမ္ပဏီ၏ မတည်ငွေရင်း သတ်မှတ်ချက် ပေါ်မူတည်ပြီး တံဆိပ်ခေါင်းခွန်သည် (၆၅,၀၀၀)ကျပ် နှင့် (၁၆၅,၀၀၀)ကျပ် ပေးဆောင်ရပါသည်။ လျှောက်ထားသူများသည် ပြည်တွင်းအခွန်များ ဦးစီးဌာနမှ သတ်မှတ်ထားသော အချိန်ကာလအတွင်း ပေးဆောင်ရပါမည်။ အသင်းဖွဲ့စည်း မှတ်ပုံတင်ခြင်းအပေါ် တံဆိပ်ခေါင်းခွန်ပေးဆောင်ရန်မလိုပါ။

၃။ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အား ထုတ်ပေးရန် မည်မျှကြာမည်နည်း။

ပြည်တွင်းကုမ္ပဏီများအတွက် DICAသို့ ကုမ္ပဏီမှတ်ပုံတင်ကြေးသွင်းပြီးကြောင်း ချလံတင်ပြပြီး ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အား သုံးရက်အတွင်း ထုတ်ပေးမည်ဖြစ်ပါသည်။ MICမှ ခွင့်ပြုမိန့်ရယူခြင်းမရှိသော နိုင်ငံခြားကုမ္ပဏီ ဖြစ်လျှင် ကုမ္ပဏီအမည်ဖြင့်ဖွင့်လှစ်ထားသော ဘဏ်စာရင်းထဲသို့ ငွေလွှဲပြောင်းပြီးကြောင်း ဘဏ်မှ အကြောင်းကြားစာကို DICA သို့ တင်ပြပြီးသုံးရက်အတွင်းထုတ်ပေးပါသည်။ MIC ခွင့်ပြုမိန့်ဖြင့် လုပ်ငန်းဆောင်ရွက်သော နိုင်ငံခြားကုမ္ပဏီ ဖြစ်လျှင် MIC ခွင့်ပြုမိန့်ရရှိပြီးနောက်ထုတ်ပေးပါသည်။ (နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ MIC မှ လုပ်ပိုင်ခွင့်လျှောက်ထားချက်များအား လျှောက်လွှာ လက်ခံရရှိသည့် ရက် (၉၀) အတွင်း စိစစ်သုံးသပ်ပြီး ခွင့်ပြုပေးသွားမည်ဖြစ်သည်။)

၄။ ကုမ္ပဏီတစ်ခုအား မှတ်ပုံတင်သည့်အခါ အနည်းဆုံးမတည်ငွေသတ်မှတ်ချက် မည်မျှဖြစ်သနည်း။

ယေဘုယျအားဖြင့် မြန်မာနိုင်ငံတွင် ကုမ္ပဏီများကုမ္ပဏီမှတ်ပုံတင်သည့်အခါ အနည်းဆုံးမတည်ငွေ သတ်မှတ်ချက်မရှိပါ။ ဘဏ်လုပ်ငန်းကုမ္ပဏီများ၊ အာမခံလုပ်ငန်းနှင့်ငွေချေးသက်သေခံလုပ်ငန်း ကုမ္ပဏီများ အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများအတိုင်း အနည်းဆုံးမတည် ရင်းနှီးငွေ သတ်မှတ်ချက်အား လိုက်နာရမည်ဖြစ်ပါသည်။
သို့ရာတွင် အများနှင့် သက်ဆိုင်သောမြန်မာကုမ္ပဏီများနှင့် နိုင်ငံခြားကုမ္ပဏီများအတွက်မူ ကနဦးရင်းနှီးငွေ သတ်မှတ်ချက်ရှိပါသည်။ အဆိုပါ ကနဦးရင်းနှီးငွေများသည် သက်ဆိုင်ရာကုမ္ပဏီပိုင် ငွေကြေးအဖြစ် ထားရှိမည်ဖြစ်ပြီး ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။
အများနှင့် သက်ဆိုင်သော မြန်မာကုမ္ပဏီများ-

- မြန်မာငွေ ကျပ်သန်း - (၅၀)

နိုင်ငံခြားကုမ္ပဏီများ၊ ကုမ္ပဏီရုံးခွဲများ(သို့မဟုတ်) ကိုယ်စားလှယ်ရုံးခွဲများ-

- MIC မှခွင့်ပြုချက်ရယူထားသောကုမ္ပဏီများ - အမေရိကန်ဒေါ်လာ ၁၅၀,၀၀၀

MIC မှခွင့်ပြုချက်ရယူထားသောကုမ္ပဏီများမှာ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းအလိုက် ကနဦးမတည် ရင်းနှီးငွေအား ယူဆောင်လာရမည်။ ငါးနှစ်သက်တမ်းကုန်၍ ပြန်လည်သက်တမ်းတိုးသည့်အချိန်တွင် သတ်မှတ်ထားသည့် မတည်ရင်းနှီးငွေ ယူဆောင်လာပြီးဖြစ်ရန် လိုအပ်ပါသည်။

- အခြားကုမ္ပဏီများ - အမေရိကန်ဒေါ်လာ ၅၀,၀၀၀

အခြားကုမ္ပဏီများသည် မှတ်ပုံတင်သည့်အခါ ကနဦးမတည်ရင်းနှီးငွေ၏ ၅၀% ပမာဏအတွက် မြန်မာနိုင်ငံရှိကုမ္ပဏီ၏ ဘဏ်စာရင်းသို့ငွေရောက်ရှိကြောင်းအထောက်အထား (ကုမ္ပဏီအမည်ဖြင့် ဖွင့်ထားသောဘဏ်စာရင်း) အားတင်ပြရန် လိုအပ်ပြီးအခြား ၅၀% ရင်းနှီးငွေအထောက်အထားအား မှတ်ပုံတင်လက်မှတ်ရရှိပြီးနောက် ငါးနှစ်အတွင်းတင်ပြရပါမည်။

၅။ နိုင်ငံသားနှင့် နိုင်ငံခြားသားဖက်စပ်ကုမ္ပဏီအဖြစ် မှတ်ပုံတင်သည့်အခါ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများနှင့် သက်ဆိုင်သည့် ရှယ်ယာခွဲဝေပုံ (သို့မဟုတ်) ရာခိုင်နှုန်းအချိုးနှင့်စပ်လျဉ်းပြီး ပြဌာန်းချက်များရှိပါသလား။

မြန်မာနိုင်ငံသားလုပ်ငန်းရှင်များနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအကြား အကျိုးတူ ဖက်စပ်ကုမ္ပဏီတည်ထောင်ရာတွင် ရှယ်ယာခွဲဝေပုံနှင့် ပတ်သက်ပြီး DICA မှ သတ်မှတ်ထားခြင်း မရှိပါ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ ၂၀၁၂ အရ ထုတ်ပြန်ခဲ့သော အမိန့်ကြေညာစာအမှတ် ၂၆/၂၀၁၆ တွင် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများမှ မြန်မာနိုင်ငံသားလုပ်ငန်းရှင်၊ မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီ (သို့) မြန်မာနိုင်ငံသားများနှင့် အကျိုးတူပူးပေါင်း ထားသော ဖက်စပ်လုပ်ငန်းပုံစံဖြင့် ရင်းနှီးမြှုပ်နှံနိုင်သော စီးပွားရေးလုပ်ငန်းစာရင်းအား MIC ခွင့်ပြုမိန့် ရရှိသော ကုမ္ပဏီများအတွက် ဖော်ပြထားပါသည်။ MIC ခွင့်ပြုမိန့် မရယူသောကုမ္ပဏီများအတွက်မူ ရှယ်ယာခွဲဝေပုံ အချိုးသည် ကုမ္ပဏီ၏ အဓိက ရည်ရွယ်ချက်နှင့် သက်ဆိုင်ရာ ဝန်ကြီး ဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအပေါ်မူတည်ပြီး ဆောင်ရွက်ရမည်ဖြစ်သည်။ အကျိုးတူဖက်စပ်ကုမ္ပဏီများအတွက် ခွင့်ပြုရှယ်ယာခွဲဝေပုံအချိုးနှင့် ပတ်သက်သော အသေးစိတ် အချက်အလက်များအား သိရှိလိုပါက DICA ရှိ ကုမ္ပဏီရေးရာဌာနခွဲ သို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ core.gov.mm@gmail.com သို့ အီးမေးလ် ပေးပို့၍ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၆။ ပုဂ္ဂလိကပိုင်ကုမ္ပဏီ နှင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများတွင် ထားရှိရမည့် ရှယ်ယာရှင်များ အနည်းဆုံးနှင့် အများဆုံးအရေအတွက်မှာ မည်မျှနည်း။

ပုဂ္ဂလိကပိုင် ကုမ္ပဏီတစ်ခုတွင် ရှယ်ယာလွှဲပြောင်းရောင်းချမှုသည် အကန့်အသတ်ရှိပြီး ရှယ်ယာရှင်အရေအတွက်မှာ အနည်းဆုံး(၂)ဦးမှ အများဆုံး (၅၀)ဦး အထိ ထားရှိနိုင်ပါသည်။ အများနှင့်သက်ဆိုင်သောကုမ္ပဏီတွင် ရှယ်ယာရှင်အနည်းဆုံး (၇)ဦး ထားရှိရန်နှင့် အများဆုံးဦးရေသတ်မှတ်ချက် မရှိပါ။

၇။ ကုမ္ပဏီများမှ မှတ်ပုံတင်ပြီးနောက် ချက်ချင်း လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများကို စတင်နိုင်မည်လား။

လုပ်ငန်းနှင့် ဆက်စပ်သည့်ဝန်ကြီးဌာနများမှ လုပ်ငန်းလိုင်စင်ရရှိရန်လိုအပ်သောကုမ္ပဏီများမှလွဲ၍ ပုဂ္ဂလိကကုမ္ပဏီများသည် ကုမ္ပဏီဖွဲ့စည်းခွင့်အသိအမှတ်ပြုလက်မှတ်အား ရရှိပြီးနောက် လုပ်ငန်းလည်ပတ်မှုများကို ချက်ချင်းစတင်ဆောင်ရွက်နိုင်ပါသည်။ အမျိုးမျိုးသော စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းလိုင်စင်အမျိုးအစားများနှင့် ပတ်သက်သော သတင်းအချက်အလက်များအား သိရှိလိုပါက DICA ရှိ ကုမ္ပဏီ ရေးရာဌာနခွဲ သို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ core.gov.mm@gmail.com သို့ အီးမေးလ် ပေးပို့၍ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အများနှင့် သက်ဆိုင်သော ကုမ္ပဏီများသည် လုပ်ငန်းလည်ပတ်မှုများ မဆောင်ရွက်ခင် လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ်အား လျှောက်ထားရမည်ဖြစ်သည်။ အများနှင့် သက်ဆိုင်သော ကုမ္ပဏီများအတွက် လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ်အား မည်သို့ လျှောက်ထားရမည်နှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို ဤလမ်းညွှန်စာအုပ်၏ အပိုင်း ၂ ပါ "အများနှင့်သက်ဆိုင်သော မြန်မာကုမ္ပဏီများ မှတ်ပုံတင်ခြင်း" လမ်းညွှန်တွင် ဖော်ပြပေးထားသည်။ ဤစာရွက်စာတမ်းများအား DICA ဝက်ဘ်ဆိုက်မှလည်း ဒေါင်းလုတ်ဆွဲ ရယူနိုင်ပါသည်။

၈။ ကုမ္ပဏီတစ်ခုအား မှတ်ပုံတင်ရန်အတွက် မည်သည့်စာရွက်စာတမ်းများကို လိုအပ်ပါသနည်း။

ဖွဲ့စည်းသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ အမျိုးအစားအပေါ်မူတည်၍ မှတ်ပုံတင်ရာတွင်လိုအပ်သော စာရွက်စာတမ်းအမျိုးမျိုးရှိပါသည်။ ကုမ္ပဏီအမျိုးအစားတစ်ခုစီအတွက် လိုအပ်သောစာရွက်စာတမ်း အမျိုးအစားနှင့်သက်ဆိုင်သော အသေးစိတ်အချက်လက်များအား ဤလမ်းညွှန်စာအုပ်၏ အခန်း-၂ တွင် ဖော်ပြပေးထားပါသည်။ ဤလမ်းညွှန်စာအုပ်အား DICA ဝက်ဘ်ဆိုက်မှ ရယူနိုင်ပါသည်။

၉။ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်များ၏ သက်တမ်းသည် မည်မျှဖြစ်သနည်း။

ကုမ္ပဏီမှတ်ပုံတင်လက်မှတ်များ၏ သက်တမ်းသည် (၅) နှစ်ဖြစ်ပါသည်။ ပထမ (၅)နှစ်တာ သက်တမ်းပြီးသည့်အခါ ကုမ္ပဏီများသည် ၎င်းတို့၏ မှတ်ပုံတင်များအား ပြန်လည်သက်တမ်းတိုးရမည် ဖြစ်ပါသည်။ မှတ်ပုံတင်အား ပြန်လည်သက်တမ်းတိုးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ဆိုင်သည့် အချက်လက်များကို ဤလက်ကမ်းစာစောင်၏ အခန်း-၄ တွင် ဖော်ပြပေးထားပါသည်။

## ၆။ ဆက်သွယ်ရန်လိပ်စာများ

သင့်ကုမ္ပဏီအား မှတ်ပုံတင်ရန် သင်နှင့်အနီးစပ်ဆုံး ရုံးဌာန သို့မဟုတ် ဌာနခွဲသို့ ဆက်သွယ်နိုင်ပါသည်။

ရန်ကုန် (ရုံးချုပ်)
ကုမ္ပဏီရေးရာဌာနခွဲ
အမှတ် ၁ ၊ သစ္စာလမ်း ၊ ရန်ကင်းမြို့နယ် ၊ ရန်ကုန်
ဖုန်း - ၀၁-၆၅၇၈၉၁
ဖက်စ် - ၀၁-၆၅၈၁၃၅
အီးမေးလ် -core.gov.mm@gmail.com

နေပြည်တော်ရုံးဌာန
ရုံးအမှတ် ၃၂ ၊ နေပြည်တော်
ဖုန်း - ၀၆၇-၄၀၆၁၂၄ ၊ ၀၆၇-၄၀၆၁၆၆
အီးမေးလ် -dica.naypyitaw.14714@gmail.com

မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး
၂၆ x ၂၇ လမ်းကြား၊ ၈၄လမ်း
ဈေးချိုအရှေ့ဘက်တိုက်တန်း၊ တတိယထပ်
ချမ်းအေးသာဇံမြို့နယ် ၊မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၂-၈၆၆၆၁ ၊ ၀၂-၈၆၆၆၂
ဖက်စ် - ၀၂-၈၆၆၆၀
အီးမေးလ် - dicamdy.mm@gmail.com

ရှမ်းပြည်နယ် ဦးစီးမှူးရုံး
ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာနဝင်း၊
အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်
တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်။
ဖုန်း - ၀၈၁-၂၁၂၄၂၉၃
ဖက်စ် - ၀၈၁-၂၁၂၄၉၇၄
အီးမေးလ် - dicatgi18@gmail.com

မွန်ပြည်နယ် ဦးစီးမှူးရုံး
အမှတ် ၄၀၁၊ တိုးချဲ့ကမ်းနားလမ်း၊ မရမ်းကုန်း ရပ်ကွက်
မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။
ဖုန်း - ၀၅၇-၂၃၃၉၅
ဖက်စ် - ၀၅၇-၂၃၃၈၅
အီးမေးလ် - dica.mawlamyaing1102014@gmail.com

ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံး
အမှတ်(၃၈)၊ အိုးဘိုတန်းလမ်း၊ ရပ်ကွက် (၃)၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။
ဖုန်း - ၀၄၂-၂၄၆၂၂

စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး
ခရိုင်စီမံခန့်ခွဲရေးကော်မတီရုံးဝင်း၊ ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။
ဖုန်း -၀၇၁-၂၆၂၇၄
ဖက်စ် -၀၇၁-၂၆၂၇၅

တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံး
အမှတ် (၅၄၂)၊ ဆေးရုံလမ်း၊ မြောက်ရွာရပ်၊ ထားဝယ်မြို့။
ဖုန်း -၀၅၉-၄၃၁၉၈၉၇၅
အီးမေးလ် -htoon555@gmail.com

# ပုံနှိပ်ခြင်း


**ပုံနှိပ်ထုတ်ဝေသည့်လ** ဇွန်လ ၂၀၁၆

**ထုတ်ဝေသူ**

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA)
အမှတ် ၁၊ သစ္စာလမ်း ၊ ရန်ကင်းမြို့နယ် ၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ
Phone: ၀၁- ၆၅၇၈၉၁
အီးမေးလ် - dica.ip.mm@gmail.com
ဝက်ဘ်ဆိုက် - www.dica.gov.mm

**ပံ့ပိုးပေးသူ**

Supported by

Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH
အမှတ် ၁၊ သစ္စာလမ်း ၊ ရန်ကင်းမြို့နယ် ၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ
အီးမေးလ် - psd-myanmar@giz.de
ဝက်ဘ်ဆိုက် - www.giz.de

**တာဝန်ရှိသူများ**

ဒေါ်နီလာမူ ၊ ညွှန်ကြားရေးမှူး ၊ DICA
Dominik Weidert, Senior-Advisor, GIZ

**ရေးသားသူ** Le Duy Binh, Economica Vietnam

**တည်းဖြတ်သူ** Manuel Erbenich



**မူပိုင်ခွင့်** ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန (DICA)

**D** utiful
**I** ndustrious
**C** apable
**A** ccountable

we are **DICA**